**UNFPA နှင့် UN Women မှ ပူးတွဲ သတင်းထုတ်ပြန်ချက်**

**မြန်မာနိုင်ငံအတွင်း ပိုမိုဆိုးရွားလာသော နိုင်ငံရေးနှင့် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းများက အမျိုးသမီးနှင့် မိန်းကလေးများအပေါ် သက်ရောက်မှုများ**

**ရန်ကုန်** - မြန်မာနိုင်ငံသည် စစ်တပ်မှ အာဏာသိမ်းပြီးနောက် ခြောက်လတာကာလအတွင်း နိုင်ငံရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းများကို ဆိုးရွားစွာ ရင်ဆိုင်နေရသည်။ ပဋိပက္ခဖြစ်ပွားမှုများ မြင့်တက်လာမှုနှင့်အတူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘဝများသည် လွန်စွာစိုးရိမ်ရဖွယ်ရှိနေပြီး လူမှုစီးပွားဆိုင်ရာ အခြေအနေများ ယိုယွင်းပျက်စီးလာခြင်းကြောင့် ယခင်က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပေးမှုအောက်တွင် မပါဝင်ခဲ့သည့် လူပေါင်းသိန်းချီကာ လူသားချင်း စာနာထောက်ထားမှုအကူအညီများ လိုအပ်နေပါသည်။

ဖေဖော်ဝါရီလ (၁)ရက်နေ့ ကတည်းက အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အရပ်ဘက်လူမှုအဖွဲ့အစည်းခေါင်းဆောင်များ၊ ပြည်သူ့ဝန်ထမ်းများ၊ တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများ၊ အနုပညာရှင်များနှင့် လူထုကိုသြဇာလွှမ်းမိုးသူများအဖြစ် ရှေ့တန်းမှနေ၍ ၎င်းတို့၏ အခြေခံအခွင့်အရေးများကို ကျင့်သုံးကာ နိုင်ငံတော်၏ အနာဂတ်အတွက် မျှော်လင့်ချက်များကို ထုတ်ဖော်ခဲ့ကြသည်။ အာဏာမသိမ်းမီကပင် မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ပညာရှင်များ၏ ၇၅ ရာခိုင်နှုန်းဖြစ်သော အမျိုးသမီးများသည် COVID-19 တားဆီးကာကွယ်ရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြသည်။ ယခု COVID-19 ဖြစ်ပွားမှုများ တဟုန်ထိုး များပြားလာချိန်တွင် အမျိုးသမီးများစွာသည် ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်ပြီး ၎င်းတို့၏ လူမှုအသိုက်အဝန်းကို အလုပ်အကျွေးပြုနေကြသလို နေမကောင်းသည့်မိသားစုဝင်များကို ပြုစုစောင့်ရှောက်ရေး၊ ကလေးများ နေအိမ်အခြေပြုပညာသင်ကြားရေး စသည့် အရေးပါသော တာဝန်များကိုလည်း ဆက်လက် တာဝန်ယူ လုပ်ဆောင်နေကြသည်။

အမျိုးသမီးများနှင့် ကလေးငယ်များသည် နှစ်ခုပြိုင် အကျပ်အတည်းရိုက်ခတ်မှုကို အဆိုးရွားဆုံး ခံစားရဖွယ်ရှိပြီး တကိုယ်ရည်တကာယ အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ၊ လူနည်းစုဖြစ်သော တိုင်းရင်းသားလူမျိုးစု၊ ဘာသာရေးအုပ်စု၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၊ ကလေးသူငယ်များနှင့် လိင်စိတ်ခံယူမှုကွဲပြားသူများ၊ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများသည်လည်း ပိုမိုထိခိုက်ခံစားရမည် ဖြစ်သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း အမျိုးသမီးအလုပ်သမားများအပေါ် သက်ရောက်မှုအနေဖြင့် ခန့်မှန်းခြေ အမျိုးသမီးဦးရေ ၅၈၀,၀၀၀ ခန့် အလုပ်အကိုင်ဆုံးရှုံးကြရသည်။ ကျန်းမာရေးစနစ်ပြိုလဲခြင်း၊ ဆေးရုံများအား တိုက်ခိုက်ခံရခြင်း၊ ငွေကြေးဆိုင်ရာ အခက်အခဲများ ကြုံရခြင်းနှင့် လှုပ်ရှားသွားလာမှု ကန့်သတ်ချက်များကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လိင်မှုနှင့် မျိုးဆက်ပွား ကျန်းမာရေး ဝန်ဆောင်မှုများရရှိရန် စိန်ခေါ်မှုများစွာ ရင်ဆိုင်ကြရသည့် အပြင် တဆက်တည်းမှာပင် သူတို့၏ ကျန်းမာသုခကိုလည်း ထိခိုက်ပျက်စီးစေသည်။ မြန်မာနိုင်ငံတွင် လက်ရှိ ကိုယ်ဝန်ဆောင်နေသည့် အမျိုးသမီးအရေအတွက် ၆၈၅,၀၀၀ ကျော်ရှိသည်။ ထိုအမျိုးသမီးများသည် သင့်တင့်လျောက်ပတ်သော အရေးပေါ်သားဖွားပြုစုစောင့်ရှောက်မှု မရရှိပါက နောက်လတစ်လထဲ၌ပင် ကြိုတင်ကာကွယ်နိုင်သည့် မိခင်သေဆုံးမှု ၂၅၀ ခန့်ရှိမည် ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ထိုမျှသာမက မြန်မာနိုင်ငံရှိ အသက်

၁၀နှစ်နှင့် ၁၉နှစ်ကြားရှိ ဆယ်ကျော်သက် မိန်းကလေးငယ်ပေါင်း ၅ သန်းနီးပါးမှာ ပြည်သူ့ကျန်းမာရေး ထိခိုက်မှု၊ စာသင်နှစ် ဆုံးရှုံးမှုနှင့် လုံခြုံရေးဆိုင်ရာ တားမြစ်ချက်များ၊ အကြောက်တရားများကို ဆိုးရွားစွာ ရင်ဆိုင်နေရသည်။

LGBTIQ+ များသည် ၎င်းတို့ ကြုံတွေ့နေရသည့် စိတ်ကျန်းမာရေးဆိုင်ရာ စိုးရိမ်မှုများကို စစ်အာဏာသိမ်းမှုမတိုင်မီကပင် ထုတ်ဖော်ပြောကြားခဲ့ပြီး ယခုအချိန်တွင်လည်း ပိုမိုစိုးရိမ်ဖွယ် အခြေအနေ ဖြစ်လာသည်။ ထို့အပြင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၊ လိင်စိတ်ခံယူမှုနှင့် လိင်စိတ်တိမ်းညွတ်မှုကွဲပြားသူများကို မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ထိန်းသိမ်းခြင်းများအား ဆက်တိုက်လုပ်ဆောင်လာမှုနှင့်အတူ တက်ကြွလှုပ်ရှားသူများနှင့် ဖမ်းဆီး ထိန်းသိမ်းခံ ထားရသူများ အား လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်း၊ အကြမ်းဖက်ခြင်းများအကြောင်း ဆက်တိုက် သတင်းပေးပို့တင်ဆက်မှုများသည် အထူးအကာအကွယ်ပေးရေးကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း အလေးပေးဖော်ပြနေပါသည်။ ယခင်စွပ်စွဲချက်များနှင့် ဆက်စပ်သည့် ထိပ်တန်းသက်သေခံ အထောက်အထားဆိုင်ရာ အစီရင်ခံစာများအရ ပဋိပက္ခဆိုင်ရာ လိင်အကြမ်းဖက်ခြင်း သည် အဓိက အန္တရာယ်တစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့များ၊ အမျိုးသမီးအဖွဲ့များနှင့် တက်ကြွလှုပ်ရှားသူများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၊ လူငယ်လူရွယ်များ၊ လိင်စိတ်ခံယူမှုနှင့် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ ရင်ဆိုင်ကြုံတွေ့နေရသည့် လုံခြုံရေး၊ ကျန်းမာရေးနှင့် အကာအကွယ်ပေးရေးတို့တွင် ဘေးအန္တရာယ်ဖြစ်နိုင်မှု များပြားလာသည့်အခြေအနေကို တုံ့ပြန်နိုင်ရန် အထူးကြိုးစားဆောင်ရွက်လျက်ရှိသည်။ အဆိုပါအုပ်စုများအား အထောက်အပံ့ပေးရန်မှာ ပိုမိုလိုအပ်လာသလို လက်ရှိဖြစ်ပွားနေသော ပဋိပက္ခအခြေအနေသာမက COVID-19 ကပ်ရောဂါ၊ ဘဏ်လုပ်ငန်း အကျပ်အတည်းနှင့် အသွားအလာ ကန့်သတ်မှုများကြောင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေမှာလည်း တစ်စထက်တစ်စ စိန်ခေါ်မှုများ ပိုမိုများပြားလာပါသည်။

UN Gender Thematic Group တွင် ပူးတွဲသဘာပတိအဖြစ် တာဝန်ယူထားသော UNFPA နှင့် UN Women အဖွဲ့တို့သည် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့်အတူ တသားတည်း ရပ်တည်လျက်ရှိသည်။ ၎င်းတို့၏ အသံကို နားထောင်ကြရန်နှင့် လူသားအားလုံးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကတိကဝတ်များကို လိုက်နာဖော်ဆောင်ရန် မြန်မာနိုင်ငံအတွင်းနှင့် နိုင်ငံရပ်ခြားတွင်ရှိသော သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများအားလုံးကို တိုက်တွန်းပါသည်။ ကျွန်ုပ်တို့အနေဖြင့် မတရားဖမ်းဆီးထိန်းသိမ်းထားသူများအားလုံးကို ပြန်လွှတ်ရန် ကုလသမဂ္ဂ အထွေအထွေအတွင်းရေးမှူးချုပ်၏ တောင်းဆိုမှုနှင့် အမျိုးသမီးနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုအားလုံးကို အဆုံးသတ်ရန် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်ထံမှ တောင်းဆိုမှုကို ထပ်လောင်း ဖော်ပြလိုပါသည်။ ကျွန်ုပ်တို့သည် မိတ်ဖက်အဖွဲ့များနှင့်အတူ အသက်ကယ်ဆယ်ရေး လူမှုဘဝဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများကို မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ရရှိစေရန် ဆက်လက်ဆောင်ရွက်သွားပါမည်။

**For media inquiries:**

*Thein Zaw Win*, Communications and Advocacy Analyst, UNFPA | thewin@unfpa.org, Mobile: +95 925 418 6907
*Lesly Lotha,* Communications Officer, UN Women | lesly.lotha@unwomen.org, Mobile: + 95 979 613 9223